နီကိုရဲ



# ဘူကြောင်ကျား

# အဖွင့်

ကြက်ဥက ကြက်မ ဖြစ်တာလား ?

ကြက်မက ကြက်ဥ ဖြစ်တာလား ?

ဘယ်သူမှ တိတိကျကျ မပြောတတ်ပေမဲ့

ကြက်မဖြစ်ဖို့ သန္ဓေတည်အစဟာ ကြက်ဥပဲ ဆိုပါစို့ . . .။

ပြောချင်တာက သန္ဓေတည်ရာ အစပါ. . .။

ရဲဝေဆိုတဲ့ ကောင်လေးတစ်ယောက်ရဲ့

သန္ဓေတည်ရာအစ . . . .

. . . . . .

. . . . . .

. . . . . .

တစ်ခါတုန်းက ဖြစ်ပါသည် ။

. . . . . . . . . . . .

"အရေးတော်ပုံ" "အောင်ရမည်"

"သခင်မျိုးဟေ့" "တို့ဗမာ"

အဲသည် တုန်းက အားလုံးလိုလိုဟာ အိမ်စောင့်နတ်တွေကများ နှင်ချထားသလား အောက်မေ့ရ၊ လုပ်ငန်းတွေလည်း ရပ်ဆိုင်းထားကြ၊ အားလုံးလိုလို လမ်းပေါ်ရောက်နေကြ၊ ရွာတန်းရှည်ကြီးလို စီတန်းလှည့်လည်၊ မိုက်တိုင်ဆန်ရဲ့ လက်သီးတွေလို ကျစ်ကျစ်လက်သီးဆုပ်တွေက မိုးနတ်မင်းကို မျက်နှာပြု စစ်ရေးပြ၊ ကြွေးကြော်သံတွေ မိုးလုံးဟိန်းဖွင့်ချ၊ နံဘေးပလက်ဖောင်းတွေပေါ်က လူထီး လူမတွေရဲ့ အားပေး လက်ခုပ်သံ တွေကလည်း ဖြောင်းဖြောင်းထလို့ ၊ အပေါ်ဘက်က စီးမိုးကြည့်မယ် ဆိုရင်တော့ မျက်နှာပြင်ထက်ကို ခုန်ထ ကြွတက်နေတဲ့ ညနေခင်းရဲ့ လူပင်လယ်ကြီးက လှုပ်လှုပ်ရွရွ၊ ခေတ်စနစ်တစ်ခုကို ပြောင်းလဲပစ်ဖို့ ပြည်သူတွေ အားလုံး အုန်းအုန်းထ အရေးဆိုကြတဲ့ လူထုဆန္ဒဖော်ထုတ်ကြတဲ့ ကာလ၊ မှတ်မှတ်ရရ ၁၉၈၉ ခုနှစ်ရောက်ဖို့ လေးလသာသာပဲ လိုတော့တဲ့ အချိန်။

လူတွေက လမ်းပေါ်မှာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်နေကြသည် ။ စနစ်တကျ အစီအစဉ်ဆွဲလျက် တည်ဖွဲ့လေ့ကျင့်ကာ ထွက်လာကြခြင်းမျိုး မဟုတ်ဘဲ ဝုန်းခနဲ ပေါက်ကွဲ ဆူကြွပွင့်ထွက်လာခြင်း ဖြစ်သည် ။ သည် တော့လည်း ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ် ကိုယ့်အထာနှင့် ကိုယ် ဖြစ်နေသည် ။ ဦးဆောင်သမှုပြုသူတွေက ယုံကြည်ချက်နှင့် ရှေ့က သွားနေသည် ဆိုသော်ငြား တော်တော်များများကတော့ နှစ်နှစ်ဆယ်ကျော် လူပါးဝ နင်းခြေခံခဲ့ရသည် တို့ ကို မကျေနပ်သော စိတ်နှင့် နောက်မှ လိုက်နေကြသည် မှ လွဲ၍ ဘယ်ကို ဦးတည်နေမှန်း ခြေခြေမြ

စ်မြစ် မသိမြင်ကြ။ သူများ ယောင်၍ လိုက်ယောင်ကြသူတွေက ဒုနှင့် ဒေး၊ ဤဒုနှင့် ဒေးတွေထဲမှာ သည် ရပ်ကွက်လေးလည်း ပါသည် ။

သည် ရပ်ကွက်လေးနှင့် အသွေးတူ အချင်းတူ သူမသာ ကိုယ်အသုဘ ဖြစ်လေသော ရပ်ကွက်သုံးကွက် ကလည်း ပတ်လည်မှာ ရှိနေသည် ။ အရှေ့-အနောက် လမ်းမကြီးနှင့် တောင်မြောက်လမ်းမကြီးတို့ ပိုင်းဖြတ်ရာ လမ်းဆုံ၏ ထောင့်လေးထောင့်တွင် ဤရပ်ကွက်လေးခုက ထောင့်ချင်းဆိုင်လျက် တည်ရှိသည် ။ အနီးရပ်ကွက် လေးရပ်ကွက်အား လွယ်လွယ်ပဲ အမည်သတ်မှတ်လိုက်ပါမည်။

ဆိုပါစို့။ (က) ရပ်ကွက်၊

( ခ ) ရပ်ကွက်

( ဂ ) ရပ်ကွက်

(ဃ) ရပ်ကွက် . . . ဟူ၍ . . . ။

***

ဆိုခဲ့သည့် အတိုင်းပါပဲ။ ကာလအခြေအနေအရ သူများ ယောင်၍ လိုက်ယောင်ခဲ့ခြင်းဖြစ်သည် ။ (က)ရပ်ကွက်၏ ထိပ်တွင် ဟောပြောရန် စင်မြင့်တစ်ခုရှိသည် ။ ဘယ်သူတွေ တက်ဟောဟော ပြောပြော ဟောလို့ ပြောလို့ ရသည် ။ ရပ်ကွက်ကို ကြောက်၍ သာ အသံချဲ့စက်ကို အသုံးပြုခွင့်ပေးထားသော ဦးဖိုးကြာက သူ့အသံချဲ့စက်ကို စိတ်မချ၍ သဘာပတိ

နေရာမှ ဒူးနှစ်လုံးထောင်ကာ တောင့်တောင့်ကြီးထိုင်လျက် ခေတ်ပျက်မှာ သဘာပတိ ဖြစ်နေရှာသည် ။

မနက်တုန်းကတော့ ဘယ်က ဘယ်လိုရောက်လာမှန်း မသိသော ရုပ်ရှင်မင်းသား ကျော်မောင်ကိုဦးက စင်ပေါ်တက်ကာ သရုပ်ပါပါ ဟောပြောသွားခဲ့သည့် အရှိန်ကြောင့် ပရိသတ်က လမ်းနှစ်လမ်းလုံး ပြည့်သိပ်သွား ခဲ့သည် မှာ ယခုအချိန်ထိ အုံခဲနေဆဲဖြစ်သည် ။ လူဦးရေ နှစ်သောင်းကျော်မျှရှိသော ပမာဏ။

ဤမျှ များ ပြားလှသော လူပရိသတ်ကြောင့် ပင် အူကြောင်ကျား အထွေထွေပွဲတော်တစ်ရပ်၏ မြစ်ဖျားခံရာ ကနဦးလန့်ကာအဖွင့်မှာ ဤ (က)ရပ်ကွက်ထိပ် ဟောပြောစင်မြင့်ထက်မှ စတင်ခဲ့ခြင်း ဖြစ်ပါသည် ။

***

"လေးစားအပ်ပါသော သဘာပတိကြီးရှင်"

"ဗျာ . . . ဗျား"

ဦးဖိုးကြာမှာ လည်း ဤသည် က တစ်ဒုက္ခဖြစ်သည် ။ သူ့အသံချဲ့စက်လေး ကြေမွသွားသော အော်လံ ယူနစ်အပိုင်းအစများ ဖြစ်သွားမည်စိုး၍ သာ သဘာပတိ လုပ်နေရရှာသည် ။ သူ့ခမျာ သူ့ကိုယ်သူ ဘာသဘာပတိ မှန်း မသိရှာ။ သည် တော့ ဟောပြောသူတစ်ယောက်

တက်လာတိုင်း 'သဘာပတိကြီးခင်ဗျား' ဟု တိုင်တည် ပြောဆိုလိုက်တိုင်း သူ့ကို ခေါ်သည် အမှတ်နှင့် တစ်ဗျားဗျား လိုက်ထူးနေသည် ။ အခမ်းအနားမှူး ကိုတက်တူက မထူးဖို့ ပြောလည်း မရ၊ အမှတ်လည်း မရှိ။

" . . . . . . . . . . . . . . . . တကယ်တော့ . . . အဲဒီလူတွေဟာ လူတွေမဟုတ်ပါဘူး ခွေးတွေပဲ ဖြစ်ပါ တယ်ရှင့်"

"ရှိ . . ."

"ဖြောင်း . . ."

"ဖြောင်း . . ."

"ဖြောင်း . . ."

သူ့အရပ်နှင့် သူ့ဇာတ်လိုက်လည်း လိုက်ပ့ါ။ စင်ပေါ်မှာ ပုပ္ပါးဘက်မှ အငြိမ့်မင်းသမီးလေး ရန်ကုန်သူ မန်းပန်တျာ ချယ်ရီမွှေးက (ဩော် . . . ပုပ္ပါးရယ် . . . ရန်ကုန်ရယ် . . . မန္တလေး ပန်တျာရယ် . . . ချယ်ရီပန်း ရယ် . . . ဘယ်လိုများ ဆက်စပ်လေသည် မသိ) အငြိမ့်မင်းသမီးလေး ချယ်ရီမွှေးက အသားလွတ် ဘလိုင်းကြီး ဆော်နေသည် ကို အောက်က ပရိသတ်ကလည်း လက်ခေါက်မှုတ်သံ၊ လက်ခုပ်သံတွေ တစ်ခဲနက်နှင့် ပါလား။

"ဒီမှာ လူထုကြီးရှင့်၊ ချယ်ရီမွှေးတို့ က သေမှာ အရှင်တော့ မကြောက်လို့ . . . ပေတစ်ရာမှာ ရင်ကော့ လျှောက်တဲ့ သူရှင့်၊ အမေ လေဘာတီ မမြရင်က သေနိုင်ပါရိုးလား x x လေဘာတီရယ် x x x x ပေတစ်ရာကို လျှောက်ပါလို့ x x x x မြင်သလောက် ပြလိုက်ချင်ပါသည် x x x x တဲ့ "

"မပြပါနဲ့ . . . အဲလောက်ကြီး မပြပါနဲ့ " ဟူသော ပရိသတ်အသံ၊ နောက် "ရှိ" "ဖြောင်း" "ဖြောင်း" ဟူသော အားပေးသံတွေ။

သည် အခိုက်မှာ ပင် . . .

အသက်နှစ်ဆယ်ဝန်းကျင် လူငယ်တစ်ယောက် စင်နားကပ်လာသည် ။ ပြီးတော့ စင်အောက်သို့ ဖတ်ခနဲ ဝင်သွားသည် ။ ပြီးတော့ လက်ထဲမှာ ကိုင်ထားသော နှီးပြားနှင့် ကြမ်းခင်းပျဉ်ကြားမှ နေ၍ တက်တူ၏ ခြေဖဝါးကို ထိုးသည် ။ တက်တူ မျက်နှာတစ်ချက်ပျက်သွားကာ ခြေဖဝါးကို ဣန္ဒြေမပျက် အသာရွှေ့သည် ။ မရ၊ အောက်က တစ်ခါထိုးပြန်သည် ။ တက်တူ 'အား'ခနဲ အော်လိုက်မိသည် ။ ပြီးမှ သတိရကာ သူ့ပါးစပ်သူ ပိတ်လျက် အောက်သို့ ငုံ့ကြည့်လိုက်သည် ။ သည်မှာ ပင် သူ့အား မော်ကြည့်နေသော သနားစရာ မျက်လုံးလေး နှစ်လုံးကို ကြမ်းကြားကျဲကျဲမှ မြင်လိုက်ရသည် ။ စင်အောက်မှ အပြင်ဘက်သို့ တရိပ်ရိပ် ရွေ့သွားသော အရိပ် ကလေးကို တက်တူ လိုက်ကြည့်နေမိသည် ။ စင်အောက်မှ ဘွားခနဲ ထွက်လာသော ဦးခေါင်းလေးကို ပထမ မြင်ရသည် ။ နောက် မျက်နှာကလေး လှည့်လာသည် ။ လူရွယ်တစ်ယောက် မျက်နှာက တည်တည်မှိုင်းမှိုင်း၊ အင်္ကျီအဖြူလက်ရှည် ယောပုဆိုးနှင့် အဝတ်အစားက နည်းနည်းနွမ်းသော်လည်း ကြိုးစားပြီး သပ်ရပ်အောင် ဝတ်ထားသည် ။ တက္ကသိုလ်မှ ကျောင်းသားခေါင်းဆောင်တစ်ဦးပဲ ဖြစ်မည်ထင်၏။ တက်တူသည် ဘာကြောင့် များ ခြေထောက်တွေ၏ ခေါ်ဆောင်ရာသို့ လိုက်ပါသွားမိသည် မသိ၊ သူ့အား မော်ကြည့်နေသော လူရွယ်၏ အနီး စင်ဖျားမှာ ဆောင့်ကြောင့် ထိုင်ကာ မေးလိုက်မိသည် ။

"ဘာကိစ္စရှိလို့ လဲ ကိုယ့်ဆရာ"

***

"ချယ်ရီမွှေးတဲ့ ဟော့ သေမှာ မကြောက်လို့ ပေတစ်ရာ လျှောက်ပတ်တဲ့ အဇာတသတ်မ၊ ဒေဝဒတ်မ၊ ကြောက်မွေးပါရင် ဇာဂနာနဲ့ နုတ်ပစ်မယ်၊ ချယ်ရီမွှေးတဲ့ တစ်မွှေးတည်းရှိတယ်ဟော့"

"မယုံပါဘူးဗျို့"

"မဖြစ်နိုင်ဘူးဗျို့" ဟူသော ပရိသတ်၏ ကမောက်ကမအသံတွေရော၊ တဖြောင်းဖြောင်း လက်ခုပ်သံ တွေရော ရောပုံ့လွှင့်တက်လာသည်။ မင်းသမီးလည်း အရှိန်လွန်သွားကာ ဘရိတ်မရှိ ဖြစ်သွားသည်။ ကာရံကိုက်ပြီးရော ပြောချင်ရာ စွတ်ပြောနေသည်။

"လူထုပရိသတ်ကြီး စဉ်းစားကြည့်ပါ၊ တကယ်တော့ သူတို့ ရီကွိုင်းလက်ဂန်းရှော့ကြီးနဲ့ ပစ်ပြီး ဖြိုချပစ်လိုက်တာဟာ ကျောင်းသားကုလသမဂ္ဂ အဆောက်အအုံကြီးပါရှင့်"

ကိုတက်တူ ပါးစပ်ဟောင်းလောင်း ဖြစ်သွားကာ အထိတ်တလန့် မျက်နှာကြီး ရှုံ့တွသွားသည်။ ပြီးတော့ ညည်းတွားမေတ္တာပို့သည်။

"အား . . . သွားပါပြီကွာ၊ မိုင်းနာမ . . . အမှားတွေ ချနေပြီဟ၊ ကျောင်းသားသမဂ္ဂပါဟာ . . . ဘယ်က ကျောင်းသား ကုလသမဂ္ဂရမှာ လဲ၊ ရီကွိုင်းလက်ဂန်းကိုလည်း ဂန်းရှော့ကြီးတဲ့ ကွာ ဒုက္ခပါပဲ"

တက်တူ စိတ်ပျက်လက်ပျက် ညည်းရင်း သည် ဘက်အလှည့်မှာ သူ့ကို မှုန်တည်တည် မော့ကြည့်နေ သော လူရွယ်၏ မျက်ဝန်းတွေကို ရင်ဆိုင်လိုက်ရသည်။

"သူ့ကို တိုးတိုးကပ်ပြီး နိဂုံးချုပ်ခိုင်းလိုက်ပါတော့ဗျာ၊ ကျွန်တော်တို့

မ၂၁ အချိန်က အရေးကြီးနေပြီ၊ ကျွန်တော့်သူငယ်ချင်းတွေလည်း စုရတော့မယ်၊ ကျွန်တော် ဒီစင်ပေါ်က တက်ပြောမှ ဖြစ်တော့မယ်၊ ဂါးဒီးယန်း ထက် ကျွန်တော်တို့ လက်ဦးမှ ဖြစ်မယ်။ အချိန်မရှိတော့ဘူး၊ အရေးတော်ပုံ စတော့မယ်ဗျ"

"ဘာရယ် အရေးတော်ပုံ စတော့မယ် ဟုတ်လား"

အရေးတော်ပုံ ဆိုသည့် အသံကြောင့် ကိုတက်တူ မျက်လုံးပြူးကာ ကြက်သီးဖြန်းဖြန်းထသွားသည် ။ ထိုင်ရာမှ ရုတ်ခြည်းထကာ စင်ရှေ့သို့ လှမ်းသည် ။ ပြီးမှ တစ်စုံတစ်ခုကို သတိရကာ ပြန်လှည့်လာသည် ။

"ဒီမှာ ကိုယ့်ဆရာ စင်ပေါ်တက်ရင်တော့ သဘာပတိကို အရင်နှုတ်ဆက်ပါ၊ မဟုတ်ရင် သူ့စက်ကြီး ဖြုတ်ပြီး အိမ်ပြန်သွားလိမ့်မယ်"

"သိပါတယ်ဗျာ၊ နေဦး . . . ခင်ဗျားရဲ့ မိခင်ကြီး နေကောင်းပါရဲ့ လားကို အင်္ဂလိပ်လို ဘယ်လိုပြော လဲဗျ"

လူရွှယ်၏ စကားကြောင့် တက်တူ၏ မျက်နှာကြီး ရဲသွားသည် ။ အရေးထဲမှာ ကျောင်းသား ခေါင်းဆောင်က လာနောက်နေသေးသည် ။ လူရွယ်ကို ကြည့်လိုက်တော့လည်း မျက်နှာက တည်တည်နှင့် ။ အင်းလေ ဒီလို မှ င်ကောင်းလို့ လည်း ပညာတတ် ရှေ့ဆောင် ကျောင်းသားခေါင်းဆောင် ဖြစ်နေတာပဲ ဖြစ်မည်။

"ခင်ဗျားမိခင်ကြီး နေကောင်းလားဆိုတော့ အင်္ဂလိပ်လို ယူအာမားသား မျောက်ဖုန်းကင်ပေ့ါ ကျောင်းသားခေါင်းဆောင်ရ ဟား . . . ဟား . . .ဟား"

တက်တူက ရယ်စရာပြောသည် ကိုပင် "ကျေးဇူးပဲဗျာ" ဟု လူရွယ်က တကယ့်ကို ကျေးဇူးတင်သည့် ဟန်နှင့် တုံ့ပြန်သည် ။ မှ င်ကလည်း

ကောင်းပ့ါ။ ဒီလိုလူငယ်တွေ ငါတို့ တိုင်းပြည်အတွက် အများကြီး လိုအပ် သည် ဟု တက်တူ တွေးလိုက်မိသည် ။ တက်တူက ဖောင်တိန် ထုတ်လိုက်သည် ။

"ကဲ . . . ကိုယ့်ဆရာရဲ့ နာမည်လေး ပြောပါဦး"

"ကျွန်တော့်နာမည် ဂျိုးရဲ ပါ"

***